

# အခန်းဆက်အပြုံးနှင့်

## မဂ္ဂဇင်းဝတ္ထုတိုများ

လှဲဝင်းကြည်(ချို)

လဲ့ဝင်းကြည်

# ပျို့ချစ်လင်မေ့မောင်ဖုန်း မုန်းရခက်ခက်ရှင့်

ဆိုးလိုက်သည့်စိတ်။ ကိုယ့်ကိုကိုယ်ပဲ ဒေါသတွေလှိမ့်ပြီး ထွက်နေမိ။ ဝယ်မည် ဝယ် လိုက်မည်ဟုဆုံးဖြတ်ပြီးထွက်လာမှတော့ ဝယ်လိုက်။ ဝယ်ဖြစ်အောင် ဝယ်ရမည်ပေါ့။ အခုတော့ မ ဟုတ်ပေါင်။ ကိုယ့်ကိုကိုယ်ပင် ရန်ဖြစ်လိုက်၊ ရန်တွေ့လိုက်ချင်ရဲ့။ အဟုတ်။ တကယ်ပင် ဝယ် လိုက်မည်ဆိုပြီး ထွက်လာသည့်စိတ် တစ်ခုခုတော့ ဝယ်ဖြစ်အောင်ဝယ်ရမည်ပေါ့။

ဝယ်ကိုဝယ်ပစ်လိုက်ဦးမည်ဟုဆုံးဖြတ်ပြီး ထွက်လာသူက ဘယ်ကနေဘယ်လိုစိတ်ပြောင်း သည်မသိ။ အိမ်ကနေပြင်ဆင်လာသည့် ဒီစိတ် ဒီ Plaza ထဲရောက်မှ တစ်မျိုးပြောင်းဖြစ်တော့ သည်။ ပိုက်ဆံပါမလာလို့လည်းမဟုတ်။ လစာထုတ်ထားသည့်ငွေ အကုန်ထည့်ယူလာခဲ့၏ ။ ဝယ် လိုက် ဝယ်လိုက်ပါလား။ အခုတော့... ကိုယ့်ဘာသာကိုယ်ပင် မကျေမနပ်စိတ် ဖြစ်ပေါ်လာသည်။

မဖြစ်ခံနိုင်ရိုးလား။ Plaza ထဲ ရောက်သည်နှင့် မျက်ဝန်းက ကိုယ့်အတွက် ကိုယ်ကြိုက် သည့် ကိုယ်ဝယ်မည့်နေရာ ကောင်တာတွေထံမရောက် မကြည့်ဘဲ မီးဖိုဆောင်သုံးပစ္စည်းတွေနား ခြေထောက်က အလိုအလျောက်ရောက်သွားလေပြီ။ သကြား၊ နို့ဆီ၊ အသားမုန့်၊ အချဉ်ပုလင်း၊ ကော်ဖီမစ်ထုပ်၊ ပုစွန်ခြောက်၊ ခေါက်ဆွဲ၊ ကြာဇံ အစုံအစုံ လိုအပ်သည်တွေ ဝယ်ပြီး

သမီးလေး ကြိုက်သည့်မုန့်၊ သားလေးအတွက်မုန့်၊ အချိုရည်ပုလင်း၊ အားလုံးအတွက် ငွေချေ၏ ။ သည်အထိ တော်သေးသည်။ ဆပ်ပြာ၊ သွားတိုက်ဆေးဝယ်လျှင်ရသေးသည်။ အခုတော့...။

တကယ့်ကို မုန်းရပါပြီ။ မချစ်ချင်တော့ စိတ်ကုန်နေပါပြီ။ စိတ်ပျက်လှပါပြီဟု တစ်ဖွဖွ ကိုယ် တိုင်ရေရွတ်ပြီး ပြောပြောနေသည့် အိမ်ကလူကြီးအတွက် ရှပ်တစ်ထည်၊ ခေါင်းလိမ်းဆီဘူးနှင့် ယောကျ်ားကြိုက် ဝိုင်ပုလင်းပင်ဝယ်လိုက်သေးသည်။ ကိုယ့်အတွက်။ ကိုယ့်အတွက်ကျတော့ ကြိုက်လှသည့် ပါတိတ်ဖမ်းဆက်ကို ဈေးမေးပြီး ပြန်ချထားခဲ့သည်။ ခက်လိုက်ပုံများ။ ကုန်ကာနီး မိတ်ကပ်ကိုပင် နောက်လမှဟုတွေးလိုက်သလို မိုးစီးဖိနပ်တစ်ရံကိုင်ကြည့်ပြီးတော့လည်း “သြော် ...မိုးကုန်တော့မှာ” နှင့်မဝယ်ဖြစ်။ မကောင်းလိုက်ပုံများ ကိုယ့်ကိုကိုယ် ဒေါသထွက်စိတ်တိုမိပါရဲ့။ ဝယ်လိုက်ပါလား။ ကိုယ့်အတွက် အနည်းဆုံး ဆံညှပ်တစ်ခုလောက်။ အခုတော့ မဟုတ်ပေါင်၊ မဝယ်ပေါင်၊ ဒီယောကျ်ား၊ ဒီယောကျ်ားအတွက်တော့...

တကယ်ပါ။ ယူပြီးမှသိလို့ အတော်လူပါး။ ယောကျ်ားပါးဝသည့်သူတွေ။ သူတို့ကိုယ်သူတို့ ဆုထူးပန်ကြီးတွေလိုလို သဘောထားပြည့်စိတ်ထားကောင်းတွေလိုလိုနှင့် အပြင်ဝန်းကျင်မှာ မိတ်ကောင်းပီသပြတတ်ကြလေ၏ ။ အိမ်...အိမ်က မိန်းမများကိုတော့ မပြောလိုက်ချင်တော့ဘူး။ အ ဟုတ်။ ကျွန်အပိုင်ဝယ်ထားသလိုမျိုး ခိုင်းလိုက်သည့် ဝေယျာဝစ္စ၊ အနားမရဘူး။ အလုပ်ရှိ အလုပ် သွား။ အလုပ်လုပ်ရခြင်းအတူတူ သူတို့က ပိုပင်ပန်းပြနေသေး။ ကိုးနာရီခွဲ အလုပ်အတူတူ တက်ရ သည်ပဲ နည်းနည်းပါးပါး ဝိုင်းကူပေါ့။ မဟုတ်ပေါင်။ အဆင်သင့် အိတ်ဆွဲထွက်။ ထမင်းချိုင့်ကိုင်ရ သည်ပဲ ရှက်သလိုလိုနှင့် အပြင်မှာဝယ်စားချင်သေး။

တစ်ကယ်ပါ။ ဒီယောကျ်ား အိမ်ကလူများ မှားလို့။ ယူပြီးမှ သိလို့။ နို့မို့ဆိုဝေးသေး။ ကားတိုး စီးပြီး အလုပ်က ပြန်ရအတူတူလည်း

သူတို့စီးသည့်ကားက ပိုကျပ်သယောင်ယောင်နှင့် အလုပ်ပြန် ဈေးဝင်ဝယ်လာရသူက မမောရဘူး။ သူတို့က ကုလားထိုင်ကြီးပေါ်မှာ စန့်စန့်ကြီးဖြစ်နေပြီ။ ဒီမှာက ချက်ရပြုတ်ရသေး။ လျှော်ရဖွတ်ရသေး။ ဒါကိုပင် သူတို့က ပြော မပြောချင်ဘူး။ တကယ်ပါ မှား လွန်းလို့။ ပြင်လို့ရလျှင် ပြင်လိုက်ချင်သား။ မကောင်း၍ သာ။

ယောက်ျားတွေများ မရခင်၊ မယူရသေးခင်တော့ "ခင်ပြောသမျှဟုတ်ပ့ါ" "ခင်လိုသမျှ ပြော ပ့ါဗျ" လူစားတွေ။

အိမ်ထောင်သက်လေး တစ်နှစ်စွန်းလုလုဆို ချိုးထားသည့်အစွယ်တွေအားလုံးအတက်တွေ အပြိုင်ထွက်လာသလို မိန်းမကို ခိုင်းစားပြီ။ နိုင်စားပြီ။

"မင်းပြောသမျှ နားငြီးလှ" နှင့် "မင်းလိုသမျှဖြည့်ရ ငါသေပြီကွ" တွေဖြစ်ကုန်တော့၏ ။

တကယ်ပါ။ ဒီယောက်ျား အိမ်ကလူကြီး စဉ်းတောင် မစဉ်းစားချင်တော့ဘူး။ မုန်းလွန်း စိတ် ကုန်လွန်းလို့။

ခနဲ့တဲ့တဲ့ကလည်းပြောတတ်သေး။ ဗိုက်ပူခါးတုတ် မျက်စိရှုပ်သလေးဘာလေးနှင့် ဖြူချော ချော သွယ်လျလျ အမြင်ရှင်းသဗျ ဆိုကာ ကာရာအိုကေဆိုင်လေးဘာလေးကလည်း သွားလိုက် ချင်ကြသေးသည်။ အိမ်က မိန်းမတွေမှာသာ။

အဟုတ်...တကယ်ပါ။ ဒီယောက်ျားတွေ လွန် လွန်လွန်းသည်။ မိန်းမ...မိန်းမဖြစ်၍ သာ သည်းခံနေနိုင်သည်။ နေရ၏ ။

ကိုရီးယားကားလေး ဘာလေး ထိုင်ကြည့်မည်စိတ်ကူးနှင့် TV ဖွင့်လိုက်ပါသည်။ မောင်မင်း ကြီးသား အိမ်ကြီးရှင်က...

"ဘာတွေကြည့်မလို့လဲ။ ဟုတ်တာလည်းမဟုတ်ဘဲ အလကား

အိမ်ထောင်ရေးဖောက်ပြန် လိုက်၊ သူများ ချောက်ချလိုက်နဲ့ အသက်ကြီးကြီးကလေးအမေက သူဌေးသားလူပျိုနဲ့ကြိုက်တဲ့အ ခန်းတွေကြည့်ပြီး စိတ်ကူးယဉ်မနေနဲ့ အချိန်တွေကုန်တယ်” ဆိုကာ အားမနာဘဲ Channel ပြောင်း လိုက်သည့်သူ။ သူတို့ယောကျ်ားတွေပဲ ကိုယ့်နိုင်ငံနှင့် အဝေးကြီးမှာကန်နေသည့် ဘောလုံးပွဲအ တွက် ကြည့်လိုက် ပြောလိုက်ရသည်မှာ မစားနိုင် မအိပ်နိုင်။ ဒီအကြောင်းပြောလျှင်တော့...

“မင်းတို့မိန်းမတွေ ဘာမှမသိဘူး။ ဘောလုံးပွဲမှာ ဘယ်လောက်ရသပါသလဲ၊ ခံစားမှုအမျိုး မျိုးပေးနိုင်တဲ့ကစားပွဲကွ” နှင့် ဒီကမိန်းမကပဲ ဘာမှမသိ နားမလည် မခံစားတတ်သည့်သူလိုမျိုး ပြောပြောတတ်၏ ။ သူတို့ သူတို့တွေပဲ အိမ်ကမိန်းမတွေ မသိရလေအောင် ပါပါသွားတတ်သည့်ငွေ တွေ တစ်လ တစ်လ နည်းလှသည်မဟုတ်။

တကယ်ပါ။ ဒီယောကျ်ား အိမ်အလုပ်လေး ကူလုပ်ပေးပါဆိုလည်း တီ ဆားနှင့်ပက်လိုက်သ လို တွန့်လိမ်ကောက်ကွေး၍

“မင်းကလည်းကွာ တစ်နေ့တစ်လေ အလုပ်နားရက်ရတာ ကို”

အပြောနှင့် နေကုန် စာအုပ်ဖတ်၊ TV ကြည့်၊ အိပ်၊ အိပ်ရာကနိုးလာလျှင်လည်း အချိုအချဉ် လေးဖြင့် ပြုစုလုပ်ကျွေးရသေး။ မိန်းမကတော့ ပိတ်ရက် အလုပ်ပိတ်ရက်မှာ နားမနေရ။ အိမ်အ လုပ် တစ်ပတ်လုံး အလုပ်တွေလုပ်ရင်း ကလေးတွေ လိုအပ်သည်များကို လျှော်ရင်းဖွတ်ရင်း သိမ်း ဆည်းရင်း ဖြည့်ရ၏ ။ ယောကျ်ား၊ ယောကျ်ားမှာကတော့ ပြော မပြောချင်။ သူတို့နှင့် မဆိုင်သလို။

သာရေးနာရေး လူမှုရေးလေးသွားခိုင်းလျှင်လည်း “ငါဝါသနာ မပါဘူး။ မင်းဘာသာမင်း သွား” ဖြင့် ဒီကပဲ ဝါသနာပါလို့သွားနေ လုပ်နေသလိုလို။ ဘောလုံးပွဲဆိုရင်တော့ တစ်ဆွေလုံး တစ် မျိုးလုံးမေ့။ သူ့အမည်ပင်

သူမေ့လောက်အောင် ေးမောကြည့်နေတတ်သည့်ယောက်ျား။ ဆိုး,ဆိုး လွန်းသည်။ မှားလို့ပါ အဟုတ်။

ဒီက သူငယ်ချင်းတွေ အိမ်လာလည် ဒါမှမဟုတ် ဖုန်းနှင့် အချိန်ကြာကြာလေး စကားပြော ဖြစ်နေလျှင် အနီးအနား မသိမသာလာရပ်ပြီး ဗိုက်ကို လက်နှင့်ပွတ်ပြလိုက်၊ အိပ်ချင်နေပြီ အမူအ ရာပြလိုက်၊ ပစ္စည်းတစ်ခုခုရှာမတွေ့၍ မေးလိုက်နှင့် စကားကောင်းကောင်းပြောမရ။ ငယ်သူငယ် ချင်းတွေဆိုတော့ ဟိုအကြောင်း ဒီအကြောင်းပြောရင်း တိုးတိုးပြော တိုးတိုးကျိတ်ရယ်လျှင်ပင် မျက်လုံးကို အဝေးကနေပြူးပြူးကြည့်ကာ မလုံမလဲပုံနှင့် မျက်စောင်းချိတ်တတ်သေးသည်။ အလွန် မုန်းစရာကောင်းသည့်ယောက်ျား။ ဒီက သူငယ်ချင်းတွေပြန်သွားလျှင် အနားကို ဆူဆောင့်အောင့် လာထိုင်ပြီး…

“မင်း…ငါ့အတင်းတွေပြောလိုက်တယ်မဟုတ်လား” နှင့်မေးမပြီး။ “မဟုတ်ဘူး” “မပြောပါ ဘူး” ငြင်းသည်ကိုပင် စိတ်ဆိုးဒေါသဖြစ်ကာ…

“ပြောရင်ပြောတယ်ပေ့ါ။ မင်းက ငါ့အကြောင်းမပြောလို့ ဘယ်ယောက်ျားအကြောင်းပြောလဲ ပြော” တဲ့။ ခက်လိုက်ပုံများ သည်ယောက်ျား။

“ဟုတ်တယ် ပြောလိုက်တယ်” ဆိုလျှင်လည်း

“ကိုယ့်ယောက်ျားအကြောင်း သူများကိုလိုက်ပြောတာ ကောင်းလား” နှင့် စိတ်ဆိုးပြန်သေး သည်။ ဘယ်လောက်ခက်သည့်ယောက်ျားတွေလည်း။ တကယ်ပါ။ မှားလို့ အဟုတ်။ နားရက် ကိစ္စ ရှိ၍ အပြင်လေး ဘာလေးထွက်လည်း…

“အလုပ်ပိတ်ရက် အိမ်မှာကို မနေဘူး” နှင့် စူပွပွဖြင့် ကလေးဆိုးကြီးသဖွယ် ကောက်ချိတ် နေသေးသည်။ သူတို့တွေများကြတော့ ပြောရ ပြောလိုက်လျှင် မကောင်း။ တကယ်ပါ။ အဟုတ်။

သူတို့ သူတို့အပေါင်းအသင်းတွေ အိမ်လာလည်လျှင် ရှိသည် မရှိသည် အပထား ဧည့်ဝတ် ကျေအောင် ဧည့်ခံမှ။ အိမ်မှာဧည့်ခံပြီး အားမရသေး၍

အပြင်ဆိုင်မှာ သွားပြုစုလိုက်ဦးမည်ဆိုတော့ လည်း ဘာပြော၍ ရမည်လဲ။ ပြုစု ပြုစုပါပဲပေါ့။ မကောင်းလိုက်ပုံများ။

သူတို့ယောက်ျားတွေပဲ အသည်းနုနု ခံစားတတ် ခံစားချက်တွေများလွန်းလှ၏ ။ အဟုတ်။ တကယ်။ သူငယ်ချင်းတွေ ခွဲရလို့ တွေ့ရလို့တွေနှင့် သောက်မပြီးနိုင်။ သူငယ်ချင်းအိမ်ထောင်ရေး အဆင်မပြေလို့လည်းသောက်၊ လုပ်ငန်းအဆင်ပြေ၊ မပြေလည်း ဝိုင်းဖွဲ့သောက်၊ သားသမီးမလိမ္မာ လည်း ဝိုင်းဖွဲ့၊ လိမ္မာလည်း ဝိုင်းဖွဲ့၊ ရာသီဥတုကောင်းလည်းဖွဲ့၊ မကောင်းလည်းဖွဲ့နှင့် သာရေးနာ ရေး အားလုံးအားလုံး လူစုစုပြီးသောက်လိုက်ကြ၊ တစ်ယောက်တစ်ပြန် ရှင်းလိုက်ကြနှင့် အိမ်က မိန်းမတွေ တစ်လတစ်လ မျက်ဖြူဆိုက်နေသည်ကို သိပုံမရကြ။ အဟုတ်။ တကယ်ပဲ။ ဆိုးလွန်း သည့်သူ။

ဒီကမိန်းမမှာပဲ စိတ်အလိုမကျလည်း ထမင်းချက်။ စိတ်နာကျင်ရခက်လည်း အဝတ်လျှော်၊ ဂမ်းသာလျှင် ဈေးဝယ်၊ ဂမ်းနည်းနေလျှင် မီးပူတိုက်နှင့် စိတ်တွင်းမှာဘာတွေဘယ်လို ခံစားခံစား နေရနေရ အိမ်အလုပ်မပျက်၊ ယောက်ျားပြုစုမပျက်၊ ကလေးတွေ ကျောင်းလွယ်အိတ်စစ်လျက်နှင့် ခံစားချက်မဲ့ သစ်ငုတ်ပုံနှယ်နေထိုင်ရလေ၏ ။

အဟုတ်။ တကယ်ပဲ...ဒီယောက်ျား တဖြည်းဖြည်းနှင့် မိန်းမအပေါ်ပိုဆိုးဆိုးလာသည်။ အ လိုလိုက် အကြိုက်လုပ်ပေးမှန်းသိ၍ ကိုယ့်အပေါ် မိန်းမအပေါ်ကောင်းလားဆိုတော့ တကယ်လုံးဝ ကို မသိတတ်သည့်ယောက်ျား၊ သူတို့အတွက် သူတို့သက်သာဖို့ပဲ။ ရေနွေးသောက်သည်ပင် “ပူ လိုက်တာ မိန်းမရာ” ဆိုတော့ ထမင်းစားပြီးလည်း “ဗိုက်တင်းလိုက်တာမိန်းမရာ” ဆိုတော့။ အ ဟုတ်။ တကယ် မပြောလိုက်ချင်တော့ဘူး။

အဟုတ်။ တကယ်။ မနေ့က လစာထုတ်ရက် အိမ်စောစောပြန်လာပါလား။ အခုတော့ မ ဟုတ်ပေါင်။ သူငယ်ချင်း မတွေ့ရတာ ကြာသည်လား တွေ့ဖြစ်အောင်တွေ့လိုက်ကြသည်လား တော့ မသိ။ ဆိုင်သွား၍

လွမ်းချင်းချသောက်ရုံနှင့်မပြီး။ ဟိုးနိုင်ငံအဝေးကြီးက မတော်ရသည့် ယောက်ဖတွေကန်သည့်ဘောလုံးပွဲ ဘယ်သူအားကိုးနှင့် ကြေးထပ်လိုက်သည်မသိ။ အိမ်ပြန်လာ တော့ အိတ်က အခွံဖြစ်နေပြီ။

“မူးသွားလို့ မိန်းမရာ” “သူငယ်ချင်းတွေကလည်း အဆင်မပြေလို့” “ဘောလုံးပွဲကလည်း ဟိုမအေပေး ဘယ်လိုကန်မှန်းမသိဘူး” နှင့် ပြောချင်ရာစွတ်ပြောပြီး အိပ်ရာပေါ်လှဲအိပ်သည်မှာ နာ ဂစ်လေ အော်သည်ပင် နိုးမည်မဟုတ်တော့။

မိန်းမ။ မိန်းမမှာတော့ ငိုချင်ပြီး မျက်ရည်က မထွက်။ စိတ်ကတိုဒေါသကထွက်နှင့် မူးပြီးပေ လာသည့်အဝတ်တွေကိုသာ ရေတဝုန်းဝုန်းလောင်း၍ တဖုန်းဖုန်းရိုက်လျှော်နေရသည်။

အဟုတ် တကယ်ပဲ။ ဒီယောကျ်ား မှားလို့ မှားလို့။

ဒီက မိန်းမမှာ တစ်လတစ်လ တစ်ရက်တစ်ရက် စရိတ်စရိတ်တွေနှင့် နပန်းလုံးရသည်မှာ အမောပင်မဖြေနိုင်။ ကလေးကျောင်းစရိတ်၊ မီးဖိုချောင်စရိတ်၊ သာရေးနာရေး၊ မီတာခ၊ ဖုန်းခ၊ ကား ခ၊ ဖယ်ရီခ အစုံစုံစရိတ်တွေဖြင့် ဗာဟီရစရိတ်တွေကို လစာထုတ်သည်နှင့် တွက်ချက်အချိုးချစ ကေးကိုက်ရသည်မှာ ရက်သုံးဆယ် တစ်လလုံးဖပ်ဖပ်မောရလေ၏ ။

တကယ် အဟုတ်။ ယောကျ်ားတွေသာ မှားလို့ပင်ယူမိ။

တကယ်ပါ။ အခုနေများ အချစ်တွေရှိလားဆို အိမ်တံခါးပေါက် ကြမ်းပေါက် အပေါက်ဟူသ မျှ ခုန်ပျံထွက်ပြေးသွားသည်မှာ ကြာပေါ့။ ကြာလှပေါ့။

တကယ်ပင် ကိုယ့်ကိုကိုယ်လည်း ဘာဖြစ်နေမှန်းမသိ။ မှားလို့ ယူမိဟု တွေးနေစဉ် စေတ နာမရှိတော့ပါဘူးဟု တွေးနေစဉ်မှာပင် အတွင်းသားစိတ်အာရုံက ယောကျ်ားကြိုက်လေသည့် ပစ္စည်းကို လက်ကကိုင်မိသွားပြန်၏ ။

"မဝယ်…ဝယ်မပေးတော့ဘူး။ ပြန်ချ ပြန်ချထားလိုက်"

စိတ်မှာ အထပ်ထပ်ကန့်ကွက်ပြီး ပြန်ချထားလိုက်၏ ။ ဒါကိုပင် စိတ်ကဖြစ်နေပုံများ ပြောရ ခက်လိုက်ပါဘိ။

"နောက်တစ်ခါ လာမှဝယ်ပေးတော့မယ်" အတွေးက ယုံရခက်စွာပင် တမုဟုတ်ခြင်းဖြစ် ပေါ်လာကာ ဆုံးဖြတ်ပြီးသွားပြန်၏ ။ သြော်…ဒုက္ခ၊ မိန်းမများ။

တကယ်ပါ။ တကယ်ပင် မိန်းမတွေများ သိတတ်၊ ချစ်တတ်၊ သည်းခံတတ်လွန်းစွ။ ခက်ပါ ရဲ့ ခက်လှပါရဲ့။ စိတ်ကုန် စိတ်ပျက် မချစ်တော့ဘူးလည်းဆိုရဲ့ ပြောရဲ့နှင့်ပင် သြော်…မိန်းမများ မှာ။

မိန်းမဆိုတော့လည်း မိန်းမဖြစ်နေမှတော့ ဘယ်တတ်နိုင်မည်လဲ။ ခံရုံ၊ ခံရုံပဲပေါ့။ သဘာဂ က တွန်းပို့ထားမှတော့ သဘာဂကျကျနှင့်ပင် သဘာဂကျစွာ အိမ်က ချစ်ခင်ပွန်း ချစ်လင်ချစ် ယောကျ်ား အိမ်ကလူကြီး ကလေးတွေအဖေကို ရေအေးအေးတစ်ခွက်နှင့် ဆီးကြိုရင်း မူးလာလျှင် တွဲထူ အန်ဖတ်ကျုံးရင်း၊ သဘောမကျလျှင် မျက်စောင်းချိတ် နှုတ်ခမ်းစူလျက်နှင့်ပင် အိမ်ရှင်မတစ် ယောက်၏ မေတ္တာနှင့်ခံနိုင်ရည်အားကို အိမ်ထောင်ရှင်အလှဟုမှတ်ယူကာ စိတ်ကုန်ပါသည်ဟု တွေးရင်းနှင့်။

အိမ်ကလူကြီး ချစ်ယောကျ်ား၏ ခေါင်းမှ ဆံပင်ဖြူတွေအတွက် အမည်းရောင်ဆိုးဆေးတစ် ဘူးဝယ်ပြီး ငွေချေလိုက်ရပြန်၏ ။

**လဲ့ဝင်းကြည် (ချို)**

**၂၀၁၃၊ ဒီဇင်ဘာလ၊ ပေဖူးလွှာရသစုံမဂ္ဂဇင်း**

* *

# အခန်းဆက်အပြီး

သူတက်ရောက်ယူခဲ့သောဘွဲ့နှင့် သူလိုက်ဖက်စွာ မိုးလေဂသတိုင်းထွာရေး စခန်းငယ်လေး တစ်ခုမှာ၊ သဘာဂအန္တရာယ်ကြိုတင်ကာကွယ်ရေးဌာနတစ်ခုမှာ၊ ဒါမှမဟုတ် မြေဆီလွှာထိန်းသိမ်း ရေး၊ စမ်းသပ်စိုက်ပျိုးရေးဌာနတွေမှာ တာဝန်ထမ်းဆောင်၊ အနည်းဆုံးတော့ မူလတန်းကျောင်း လေးမှာ ကလေးတွေကို မြေပုံဆွဲသင်၊ မိုးရွာခြင်းအကြောင်းတွေကို သင်ပြရှင်းပြပေးနေသော ဆရာမလေးတစ်ယောက်ဖြစ်နေသင့်သည်။ ခုများတော့ဘာမှမဆိုင်သည့် ဖက်စပ်စက်ရုံဝင်းကြီးထဲက စက်သံတဝုန်းဝုန်းနှင့် စက်တန်းလူသုံးဆယ်ကိုအုပ်ချုပ်ကြီးကြပ်ရသော(သူတို့အခေါ် Supervisor) တစ်ယောက်ဖြစ်နေသည်။ သူ ဘယ်လိုမှစိတ်ကူးမထားသော၊ တကယ့်ကို လူသားခြင်းစာနာမှု နည်းသောနေရာတွင် သူအလုပ်ဝင်ခဲ့ရသည်မှာ ငါးနှစ်ပြည့်ရန်သီသီလေးလိုတော့သည်။ သူကြီး ကြပ်သူမဖြစ်ခင် စက်တန်းထိုင်တုန်းက Supervisor တစ်ယောက်အပေါ်နားလည်မှုမရှိခဲ့သော် လည်း အခုကိုယ်တိုင်ဒီနေရာရလာတော့ နားလည်မှု၊ စာနာမှုတွေနှင့်အတူ လုံးဂမလုပ်ချင်သောအ လုပ်တစ်ခုလည်းဖြစ်နေသည်။ ဒါပေမယ့် သူ၏ အစာအိမ်နှင့် မိသားစုဗိုက်တွေအတွက် သူလုပ်နေရ ဦးမည်။ သူ ဘယ်လိုမှမပြောချင်သော စကားအသုံးအနှုန်းတို့ကို ငွေစက်နှင့်အတို့ခံထားရသော သူ ဖြစ်နေသောကြောင့်လည်း ပါးစပ်ကအမြဲဟောင်ဖွာဟောင်ဖွာနှင့် အော်ဟစ်ဆူပူနေရသည်။

ကျောင်းမှာ စကေးစိပ်၊ စကေးကျဲတွေနှင့် ကောင်းကင်ဓာတ်ပုံရိုက်နည်း၊ ဆွဲနည်း၊ မှန်ဘီ လူးအခုံးအခွက်တွေထဲကနေ တွက်ချက်စကေးချပုံတွေ။ ခုနေမှာ

စက်ရုံဝင်းထဲမှ အလုပ်သမများ၏ သွေးကြောများကို အဝတ်ပုံတွေကြား ခေါက်ရိုးကျိုးနေခိုင်းသည်။ ချုပ်ရိုးများကို မှန်ဘီလူးအခုံးအ ခွက်များဖြင့် စစ်ဆေးတွက်ချက်၊ စကေးစိပ်၊ စကေးကျဲများဖြင့် ချုပ်ရိုးများကို မျဉ်းဆွဲယူနေရသည်။

အလုပ်ဝင်စ တုတ်တုတ်ဖြိုးဖြိုး အလုပ်သမများသည် အလုပ်ဝင်ပြီး တစ်လမပြည့်ခင်မော် ဒယ်လ်ဂဲတွေဖြစ်ကုန်ကြသည်။ အစကတည်းက ပိန်ပိန်သေးသေးလေးတွေဆိုရင်တော့ မော် ဒယ်လ်ဂဲဟိုဘက်ကိုရောက်သွားပြီ။ ဒါကလည်း ကုမ္ပဏီစက်ရုံတွေမှာရှိသည့် ဆေးတစ်မျိုးတည်း တိုက်ကျွေးခြင်းခံရလို့ဆိုတာ စဉ်းစားနေစရာပင် မလိုအပ်တော့။ သူသည် စက်တန်းတွင်ထိုင်နေ သော ဘဂတူဝန်ထမ်းများကို ငဲ့ညှာသနားစိတ်နှင့် မိနစ်ပိုင်းလောက်အသာလေးလွှတ်ထားမိလျှင် Head Supervisor က မြန်မာသံမပီမသဖြင့် သူ့ကို “နင့်အမေတွေမို့ ကြည့်နေတာလား” “ဒါ အလုပ်လုပ်နေတာ၊ အချိန်တွေဖြုန်းပြီး ငွေကို အလကားယူနေတာလား” “မျက်စိမမြင်ဘူးလား၊ ဟိုမှာ ကြည့်စမ်း” စသဖြင့် မိမိနားတင်မက MD ရုံးခန်းထဲသို့ရောက်အောင် လွှင့်ထုတ်သော H.S (Head Supervisor) ၏ ပါးစပ်ကိုသူကြောက်ရသည်။ ထိုသို့ တစ်လသုံးခါလောက် အပြောခံရလျှင်လစာ ထုတ်သည့်နေ့မှာ သူ့ဆုကြေးဖြတ်ချထားခြင်းခံရပြီ။ ဝင်ငွေနှင့်ဈေးနှုန်း အမြဲခံစစ်ထိုးစစ်များဖြင့် ဆင်နွှဲနေရသော သူ့အတွက် ထိုဆန်လေးပြည်စာလောက်ငွေကို အဖြတ်မခံနိုင်၊ အလျှော့မခံနိုင်။ ဒါကြောင့်လည်း စက်တန်းပေါ်က စက်သမများ၏ ဘဂမျက်နှာတွေကို စာနာမှုကင်းသည့်ဟန်နှင့်

“မိမာ စံချိန်မမီဘူး”

“မကေသီ ချုပ်ရိုးတွေ ပုံမကျဘူး”

“ဆွေဆွေ နှုတ်ခမ်းနီဘာလို့ဆိုးတာလဲ၊ ပိတ်စတွေ ပေကုန်မယ်၊ ဖျက်ပစ်”

“စကားပြောချုပ်တော့ ချုပ်ရိုးတွေ မညီဘူး”

“မိုးမိုး ဒီလ ရက်ပျက်တွေများတယ်၊ နောက်တစ်ခါပျက်ရင် MD ဆီတင်မယ်”

“နီလာ စံချိန်မမီရင် OT ဆင်းရမယ်၊ OT ကြေးတော့ မရဘူး”

“စံလှ စကားများလိုက်တာ၊ ပါးစပ်ပိတ်ထား”

“နက်ဖြန် OT ရှိတယ်၊ အားလုံးဆင်းရမယ်၊ မဆင်းတဲ့သူ ကိုယ့်ပြဿနာကိုယ်ရှင်း”

“အားလုံး နှုတ်ခမ်းနီ မဆိုးရဘူးနော်”

စသဖြင့် နံနက်အလုပ်စဝင်ချိန်ကနေ အလုပ်ဆင်းချိန်အထိ အမြှုပ်ထွက်မတတ် မရပ်မနား ပြောနေရသူ သူ့ကို စက်တန်းသမများက မေတ္တာထားနိုင်ပါဦးမလား။ သူတို့ကလည်း သူတို့အမြင် နှင့်သူတို့။ သူကလည်း သူ့အကြောင်းနှင့်သူ။ လွဲချော်မှုတစ်ခုအတွက် အဖြေမရှိပေမယ့် ထိုအဖြေ ကိုရှာရန်၊ သူတို့စဉ်းစားရန် အခွင့်မရှိကြသူများဖြစ်နေသည်။ ခေါက်ရိုးကျိုးပုံစံနှင့်သာ ရှင်သန်နေ ကြရသည်။ စက်ရုံဝင်းထဲမှာ သူ့လို Supervisor လေးဆယ်ယောက်ခန့်ကို မာရ်နတ်ဆိုးများသဖွယ် သဘောထားကြကြောင်းကို သူတို့အားလုံး သိထားကြသော်လည်း သူတို့ဆယ်ယောက်ကတော့ တစ်ယောက်ကိုတစ်ယောက် နားလည်စာနာမှုများဖြင့် အားပေးစကားပြောဖြစ်ကြ၏ ။ “သူတို့ ငါတို့ နေရာရောက်လာရင် သိလာမှာပါ” ဆိုသည့် နောက်ဆုံးပိတ်စကားများဖြင့် အားသစ်ယူကာ အလုပ် ခွင်ထဲဝင်ကြရသည်။

စက်တန်းပေါ်တွင် ထိုင်နေကြရသည့် စက်သမများကိုကြည့်ပြီး သူတို့နှင့်ရွယ်တူ စတိုင်လ်မိ မိလေးနှင့် ဖိုင်လေးတွေကိုင်၊ သင်တန်းတွေတက်၊ သူငယ်ချင်းများနှင့် အပန်းဖြေအနားယူကစား နိုင်သည့်နေရာတွေမှာ သူတို့ဆယ်ရက်လုပ်ခနှင့် ညီမျှသောငွေကို နာရီဝက်၊ တစ်နာရီအတွင်း တွန့်

တိုမှုဝေးစွာ ထုတ်သုံးနိုင်ကြသူတွေ၊ စတော့ချ်ရှိုးလက်မှတ် တစ်ထောင့်ငါးရာ၊ နှစ်ထောင်ကို မိသားစု လူကုန်ကြည့်နိုင်သူတွေနှင့် သူတို့၏ ဘဝများစွာကို သမစ္စာ ရောမွေပစ်လိုက်ချင်သည်။ သူ ဘွဲ့ယူ ပြီးမကြာခင် သူငယ်ချင်းက သင်တန်းတစ်ခုတက်ရန် လာခေါ်သည်။ စိတ်ကူးတိုင်း ငွေပါသလို ဆန္ဒနောက်ကိုလည်း ငွေကမလိုက်နိုင်သဖြင့် "ငါ စာမသင် စာမကျက်ချင်တော့ဘူး" ဆိုသည့် အ ကြောင်းပြချက်ဖြင့် ငြင်းဆန်ခဲ့သည်။ သူငယ်ချင်း ထွက်သွားမှရောင့်ရဲမှုတွေနှင့် အလိုမပြည့်မှုများ ကိုပယ်ဖျက်ပြီး အလုပ်လျှောက်လွှာတစ်စောင်ကို ဘဝ၏ ခံစစ်တစ်ခုအဖြစ်ပြုလုပ်၍ စက်တန်းပေါ် ဝင်ထိုင်ခဲ့သည်။ စက်တန်းပေါ်စထိုင်ချိန်သူ...။

စက်ခုံတွေပေါ်မှာ ဆယ်ခြောက်အလီအထိသာ ကျက်ခဲ့ရသူတွေပါသလို "ကျွန်ုပ်မျှော်လင့် ချက်ခေါင်းစဉ်နှင့် အင်္ဂလိပ်စာ Essay ကောင်းစွာရေးနိုင်သူတွေ၊ ထန်းတက်သမား တျာချင်းရွတ်ပြ နိုင်သူတွေ၊ ဓာတ်ငွေ့နှင့် ဒြပ်စင်ပေါင်းဖက်ပုံ၊ အရှိန်နိယာမ၊ ပထမကမ္ဘာစစ်အကြောင်းပြောပြနိုင်သူ၊ ရှမ်းပြည်နယ်သဘာဝကို ရှင်းပြတတ်သူတွေ...သူတွေ၊ လက်တွေ့ခန်း၊ ဝယ်လိုရောင်းလိုအား မျဉ်းဆွဲနိုင်သူတွေ၊ ကျောက်စာဖတ်တတ်သူ၊ ဘုရားမုဒြာတွေအကြောင်း၊ ကြောင်းကျိုး ဖြစ်စဉ်ပြပ ထမအဆိုနှင့် ဒုတိယအဆိုကို ယှဉ်ပြချေဖျက်နိုင်ကြသူတွေ...သူတွေ...သူတွေလည်း စက်တန်း ပေါ်ထိုင်ကာ မကျေနပ်မှုနှင့်ရောင့်ရဲမှုများကို ရောနှောပြီး တဝုန်းဝုန်းနှင့်ချုပ်နေကြရသည်။

နေ့လည် ထမင်းစားချိန် မိနစ်သုံးဆယ်အတွင်း စက်ရုံဝန်ထမ်းအားလုံးထမင်းအမြန်စား၊ ရေ ကို ဒရောသောပါးသောက်၊ အိမ်သာမီအောင် ဝင်နှင့် မိနစ်သုံးဆယ်ကိုဟာကွက်မရှိအောင် အသုံး ချကြရသည်။

စက်ရုံဝင်းအတွင်းရှိ စားပွဲလောက်ငှမှုမရှိသော ထမင်းစားဆောင်ကြီးထဲမှာတော့ ဖိနပ်ဖင်ခု ထိုင်ပြီး ချိုင့်ကိုဖွင့်စားရသူတွေ၊ မိုးရွာနေပူထီးကိုဖွင့်ပြီး ထမင်းဝိုင်းဖွဲ့ရသူတွေ၊ မတ်တပ်ရပ်စားနေရ သူတွေ၏

ချိုင့်တွေထဲမှာ ရာသီပေါ်သီးနှံစုံတို့ကို မြင်ကွင်းကျယ်မြင်ရ၏ ။
ဟင်းပါမလာသူများက စက်ရုံဝင်းထဲရှိ နီဝါရောင်ရေကျန်နှင့် ငရုပ်သီးဖတ်
ပေါလောပေါ်နေသည့် ဟင်းတစ်ခွက်ကို စုဝယ် စားကြ၏ ။
ထိုမြင်ကွင်းနှင့်ဆန့်ကျင်ဘက် စက်ရုံဝင်းလေအေးတပ် ထမင်းစားခန်းကြီးထဲက ဆုံ
လည်စားပွဲဝိုင်းကြီးပေါ်မှာတော့ အငွေ့တထောင်းထောင်းထနေသော
ဟင်းရေသောက်ပန်းကန် ကြီးက အလယ်မှာနေရာယူ၊
ဟင်းရည်သောက်ပန်းကန်ကြီးနှင့် ပန်းရစွာတင့်တယ်နေသော အရွယ် စုံ၊ ပန်းကန်စုံ၊
ဟင်းမျိုးစုံတို့က အပြည့်။ အခွံသင်ပြီးသား လိမ္မော်သီး၊ အသင့်စားနိုင်သော သဘော်
သီး၊ ရွှေငှက်ပျောသီးကြီးများ၊ ဇွန်းသံ၊ ခရင်းသံတချွင်ချွင်၊
ဆယ်လူလာဖုန်းသံတတီတီ၊ အသံဩ ဩ စကားသံ၊ ရယ်သံတို့က
စက်ရုံတစ်ဝင်းလုံးရှိ ထမင်းချိုင့်တို့ကို အနိုင်ယူဖုံးလွှမ်းထားကြ၏ ။

စက်တွေနှင့်အပြိုင် တစ်နေကုန်မောပန်းစွာနားချိန် မရှိလုပ်ကိုင်နေပြီး
နေဝင်အမှောင်ပျိုးစ မှ အလုပ်ဆင်းဘဲလ်သံကို မင်္ဂလာရှိစွာ ကြားကြရသည်။ အခုမှ
ဂျေ့ကျွတ်ပြီဆိုသည့်အတွေးနှင့် ထ မင်းချိုင့်ဆွဲ၊ အိတ်လွယ်၊ စက်ရုံဝင်ပေါက်ကို
အပြေးထွက်သော်လည်း ဂိတ်ပေါက်လုံခြုံရေးဝန်ထမ်း တို့၏ စစ်ဆေးမှုကြောင့်
သိက္ခာတရားနှင့် မာနတွေကို ငွေကြေးစက်ရုပ်အတွက်မေ့ထားခဲ့သည်မှာ
ဒီစက်ရုံအလုပ်ဝင်ကတည်းကပင်ဖြစ်သည်။ ဖယ်ရီပေါ်ရောက်တော့
တီဗွီမှာခုနှစ်နာရီကားပြနေပြီ။ ဖယ်ရီပေါ်ရောက်သည်နှင့်
တစ်နေကုန်စိတ်တွေအကျဉ်းကျခဲ့သမျှ လွတ်လပ်သော၊ ဘာရန့်မှမပါ
သောအဖြူသက်သက်လေကို တစ်ဂကြီးရှူထုတ်ပြီး
မျက်လုံးတွေကိုမှိတ်ချပစ်လိုက်သည်။ ဖယ်ရီ ပေါ်ရောက်သည်နှင့် သူ့လိုပင်
ဝန်ထမ်းအားလုံး ဆင်းရမည့်မှတ်တိုင်မရောက်မချင်း တစ်ရေးအိပ် ကြသည်။
ဒရိုင်ဘာကလည်း နေ့တိုင်းပို့နေကျလည်းဖြစ်၊ အချင်းချင်းလည်း
ညှာတာစိတ်မွေးကာ. .

"တံတားကြီးထိပ်၊ အဝေးပြေး၊ အောင်ဆန်းဈေးကွေ့၊ ပေါက်တော၊ အင်းစိန်" စသဖြင့် မှတ် တိုင်ကိုအော်ပေး၏။ မှတ်တိုင်ကျော်သွားမည်ကို ပူစရာမလိုအောင် အိပ်နိုင်သည်။

ဆင်းရမည့်မှတ်တိုင်တွေမှာ သူတို့၏ မိသားစုဝင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် နောင်မိသားစုဝင်ဖြစ် လာနိုင်ချေရှိသည့်သူတစ်ဦးဦး လမ်းမီးမှိန်မှိန်အောက်မှာ စောင့်ကြိုနေ၏။ ကားပေါ်မှဆင်းလာသူ နှင့် လမ်းမီးတိုင်အပြည့်မလင်းသည့် လမ်းကျဉ်းလေးတွေထဲ ဝင်ရောက်တိုးဝင် နေ့သစ်အတွက် အားမွေးကြရဦးမည်။

ဖယ်ရီပေါ် လူကုန်ခါနီး မှ သူဆင်းရမည့် "လှည်းတန်း" မှတ်တိုင်ရောက်သည်။ တစ်မြို့လုံး ပတ်မောင်းနေရသဖြင့် သူအိမ်ရောက်တော့ ပေါင်ချိန်ပင် ခေါင်းဖြတ်စက်ယူနေပြီ။ ကျန်ကျောင်းကို သူတို့စက်ရုံက ဆရာလေးမျက်နှာမျိုး၊ စီဖိန်ကိုစက်ရုံက စကားပြန်ဟန်မျိုး၊ မတရားအနိုင်ကျင့်ခံရ သူတွေ၊ အနိုင်အထက်ပြုသူတွေကိုလည်း ကိုယ့်စိတ်ကူးနှင့်ကိုယ်တွေးပြီး ကျေနပ်မှုယူလိုက်သည်။ တရားမျှတမှုသည် သူတို့နှင့်ဝေးစွာတည်ရှိနေသည်မှာ ကြာပြီဖြစ်သောကြောင့်လည်း သူ…။

နေ့သစ်တို့အတွက် ခွန်အားယူရန် အစာအိမ်ကို ဖြည့်ကြရသည်။ သူနှင့် အလုပ်သမများ အားလုံးတို့လည်း စက်ရုံမှာ ခွန်အားများစိုက်ထုတ်လုပ်ကိုင်ခဲ့ကြပြီး ထိုပေးဆပ်ခဲ့ရသော ခွန်အားအ တွက် ပြန်ဖြည့်တင်းသောခွန်အားတွေ ညီမျှမှုရှိ-မရှိကိုလည်း သူ သေချာစွာ မစဉ်းစားချင်တော့။ အ ဖြေကိုလည်း မသိချင်။ ဖြစ်တည်မှုတွေက သူတို့အတွက် မဟုတ်တာကို သိထားကြပေမဲ့ ဖြစ်ပျက်မှု တွေကိုတော့ သူတို့နှင့်ပတ်သက်ဆက်နွယ်နေကြသည်ကို သူ…။ အနံ့အဆင်းကင်းသော လေထု ၌ ပင်အစွန်းအထင်း အနံ့တွေပါလာသည်ကို တွေ့မြင်ရှူရှိုက်နေရသူ သူတို့အဖို့…။ အားလုံးကို နားလည်လက်ခံထားရသည်။

* *

# (၂)

ဂုဏ်ပြုပွဲတဲ့။ သူမကတော့ ဂုတ်သွေးစုပ်ပွဲဟု မြင်သည်။ တစ်နှစ် နှစ်ကြိမ် ထိုပွဲမျိုးကို သူနှင့် ဝန်ထမ်း ၁၅ ဦးတို့ကို စက်ရုံအုပ်ချုပ်သူများက ပြုလုပ်ပေးသည်။

လက်ခုပ်သံတွေ လျှံကျ၊ မီးရောင်စုံတွေ တောက်ပ၊ စားပွဲထိုးတို့၏ ဝန်ဆောင်မှု၊ ရယ်သံ၊ စ ကားသံတို့နှင့် သံပြိုင်ဖုန်းသံတတီတီကလည်း အချိန်နေရာမရွေး အသံထွက်နေ၏ ။ သူ့ရှေ့မှ အ စားအသောက်တွေ နေရာမယွင်းသေး။ သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး စိတ်တွေ လျှော့ချလိုက်သည်။ ရှေ့က အချိုရည်ပုလင်းကို သောက်မည်ဟန်ပြင်ပြီးမှ မျက်လုံးက ငွေရောင် စက္ကူဖြင့် ဖဲကြိုးနီလေးပတ်ထားသော ဆုကြေးထုပ်လေးဆီ ရောက်သွားသည်။

“သုံးသောင်းလား၊ လေးသောင်းဖြစ်မလား၊ အရင်တစ်ခါက သုံးသောင်း၊ အခုဆို လေး သောင်းဖြစ်ဖို့များတယ်” အတွေးလေးနှင့် မြန်မာစကားပီသချိုမြစွာ အမှာစကားတွေ၊ ချီးကျူးစကား တွေနှင့် ခိုင်းကောင်းအောင် အပြောသွက်သွက်ပြောနေသော M.D ကို သူငေးကြည့်နေမိသည်။

ဂုဏ်ပြုဆုယူပြီး တစ်ယောက်လက် တစ်ယောက်ဆွဲနှုတ်ဆက်ချိန်မှာ လက်ခုပ်သံတဖြောင်း ဖြောင်းက စက်ချုပ်သံတဝုန်းဝုန်းတွေဖြစ်ကုန်၏ ။

သူသည် သူ၏ လက်တစ်ဖက်ကိုဆန့်ပြီး နှုတ်ဆက်လိုက်သော်လည်း

ထိုလက်တွင်းမှ သူ နှင့် စက်သမများစွာ၏ ခွန်အား အသွေးအသားတွေ သူတို့လက်ထဲသို့ ထည့်ပေးလိုက်ရသလို လက်ဆွဲနှုတ်ဆက်ရင်း ရင်နင့်စွာ ခံစားလိုက်ရသည်။ သို့သော် မကြာလိုက်။ တစ်ပြိုင်နက်တည်း "အင်း...အိမ်စပေါ်တင်ရန် ငွေသိပ်မလိုတော့ဘူး" ဟူသော အတွေးဖြင့်လည်း စိတ်ပေါ့ပါးစွာ M.D ကို ပြုံးပြလိုက်မိ၏ ။

ထိုအပြုံး၏ ရှေ့နှင့်နောက်တို့တွင်ကား. . .။

**လှဲ့ဝင်းကြည် (ချို)**

**၁၉၉၉ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း**

* *

# ဟောတော်

“စည်ကားခြင်း မစည်ကားခြင်းက ငွေပေါ်မှာလည်း မူတည်တာပဲ ဘယ်လောက်စည်စည် ကိုယ့်မှာငွေမရှိရင်သွားပြီ”

“အရှည်ကြီးကတော့ ရန်ကုန်မြို့ကြီးကို ကားပေါ်တင်ပြီး လည်မယ်ဆိုပဲ၊ ငါကတော့ တောင်းရဦးမှာ၊ တစ်ခုလောက်တော့ပေးမှာ၊ တစ်သိန်းတော့ ကုန်မှာပဲနော်”

နားဆွဲလေးတစ်ခါခါ၊ ဆံနွယ်လေး တရမ်းရမ်း၊ လက်ကိုင်ဖုန်းတတီတီနှင့်၊ မုန့်တီသောက် လျှက်ပြောနေကြသည့် ကောင်မလေးတွေဝိုင်းမှလွင့်လာသောစကားကြောင့် အငွေ့လှိုင်လှိုင်ဝေ နေသည့် ဟင်းရည်အိုးကြီးကိုမွှေနေရာမှ ခြင်းအပြာလေးထဲမှရောင်းရငွေကို ကရုဏာသက်စွာ ကြည့်မိ၏ ။ အတွေးပူများလည်းရင်ခွင်တွင်းစီးဆင်းလာသည်။ မနက်ဖြန်ဆို သင်္ကြန်ကြိုရတော့ မည်။ သင်္ကြန်က လေးရက်-ပိတ်ရက်တွေလည်းရှိတော့...သက်ပြင်းကို သင်္ကြန်လွင့်အောင်ချပစ် လိုက်ချင်သည်။ သို့ပေမဲ့ သိကြားမင်းကြီးက ရေခွက်ကိုင်၍ သင်္ကြန်ခင်းရန် ခြေလှမ်းပြင်နေပြီ။ မနက်ခင်းကလည်း မရီခိုင်ထံ သွားပြီးပြီ။ ဒေါ်ယုဆီကလည်း မရ...။ ဘာပြောပြော တစ်ပတ်စာ တော့လိုမှာ...ယောကျ်ားကလည်း...။

“အစ်မ ဟင်းရည်” ဟု တောင်းသံကြားမှ “သူငယ်ချင်းတစ်ယောက်မပါဘူးနော်” ဆိုရင်း က ပျာကသီဟင်းရည်ထည့်ပေးရသည်။ ကောင်မလေးတွေ၏ ပြန်ဖြေစကားကို ဘာရယ်မသိဘဲ ရယ် ပြရင်း ဂျာနယ်ဆိုင်ဘက် မျက်လုံးဝေ့ကြည့်မိ၏ ။ ယခင်ရက်များဆို...

“ညက ပွဲအပေါ်ကြေးအားလုံးကွဲ၊ ဒီမှာကြည့် သိန်းရာကျော်ခိုးတာလေ၊ မင်းသမီးကတော့ ဟုတ်နေပြီ” နှင့် မထပ်အောင် နေကုန်ပြောပြတတ်လေသည့် ကိုမောင်ထူးလည်း ငေးငိုင်တွေ၍ အာမသွက်။ ဘိန်းမုန့်သည် မနှင်းရီ၊ ကွမ်းယာသည် မလှခင်၊ အင်း...ဟိုဘက်က အကြော်သည် လင်မယားနှင့် စာအုပ်အဟောင်းရောင်းသူ...သူတွေလည်း၊

ပြာဖုံးနေလေသည့် မီးသွေးကို ယပ်တောင်နှင့်သုံးလေးချက်ခတ်ရင်း ဆိုင်ရှေ့မှဖြတ်သွား သည့် သုံးလေးယောက်ကို “သောက်ဦးလေ” ဟု ဈေးခေါ်လိုက်သည်။ အပြုံးဖြင့် မသောက်သေး ကြောင်း ပြောသွားသူတွေနောက်မှာ ကပ်လျက်ပါလာသည့် ဒေါ်မိုးကိုအတွေ့ အာပူလျှာပူ ဟင်း ရည်တွေလည်ချောင်းထဲသို့ အလိုလိုရောက်လာသလို ခံစားသွားရ၏ ။

“ဟိုဘက်ပိုင်း အရင်သွားဦးမယ်” ဟု ဆိုင်ဝန်းကျင် အကုန်ကြားအောင် အာရင်းကျယ် ကျယ်နှင့် အော်ပြောလေသော ဒေါ်မိုးအသံအဆုံးမှာ ရောင်းသူအချင်းချင်း မျက်လုံးဆုံကုန်ကြ သည်။ မုန့်ကလည်း ကုန်နိုင်ခဲပါဘိ၊ ရှာရဖွေရဖို့ကရှိသေး၊ အတွေးတို့က ရင်ဂလိုက်ဆူလာပြန်ပြီ။ မ ကျင်ဟုတ်ထံ သွားဖို့တော့ ဆုံးဖြတ်ပြီးသား၊ သို့ပေမဲ့ အလုံးက ရင်ဂမှာကပ်နေဆဲ၊ မကျင်ဟုတ်က အတိုးသာများသည်။ ငွေပေးရဲ၏ ။ ချေးပြီးမပေးလျှင်လည်း “ဘယ်နည်းရှင်းချင်လဲ” မေး၍ ရှင်း တတ်လေတော့ ဘယ်သူမှ မကျင်ဟုတ်ငွေကို မထားရဲ၊ မကျင်ဟုတ်ကလည်းသိသည်။ “ရှာမရမှ လာတာမဟုတ်လား” ဟု နှုတ်ခမ်းပေါ်အပြုံးတင်ပြီး ဖြူအစ်အစ်မျက်နှာနှင့်အရိုးပျောက်ခန္ဓာကြီးကို လှုပ်ရမ်း၍ အတိုးကို တစ်ပါတည်းဖြတ်ယူရင်း “အဆင်ပြေတယ်နော်” ဟု မေးပြန်တော့ နင်တင် တင်စိတ်နှင့်ပင် ကျေးဇူးတွေ အထပ်ထပ်ဆိုပြီး အတိုးသပ်ချေးခဲ့ရ၏ ။ ကိုထွန်းအောင်ကိုတော့ မ ပြောချင်၊ ဘာတစ်ခုမှအားကိုးရသည်မရှိ၊ ပြောလိုက်လျှင် “ငါမှမရှာတတ်ပဲ မကြည်သန်းရယ်” စ ကားကိုလေးတွဲတွဲကြီးနှင့်ပင် ကလေးငါးယောက်ရှိလာပြီ။ ဘာမျှရေရေရာရာ

မရှိသေး။ အခုလည်း အကြံလေးဘာလေး ရမည်လားဟု ပြောလိုက်ပါသည်။ သက်ပြင်းရှည်ကြီးချကာ "ဖြစ်သွားမှာပေါ့ ကွာ" ဟုဆိုရင်း ဆေးလိပ်တစ်တိုခဲ၍ ထွက်သွား၏။ "ဘာကိုဘယ်လို ဖြစ်မှာလဲ" လို့ရေရွတ်ရင်း မ မြင်ရတော့သည့် ကိုထွန်းအောင်နောက်ကျောကို မျက်စောင်းပြစ်ပြစ် ထိုးလိုက်မိသည်။

"ဟင်းရည်" အသံကြားမှ ကပျာကသီ အတွေးစသိမ်းရပြန်၏။

"အမေ တစ်ရာလောက်"

"နင့်အမေ..." စကားမဆက်ဘဲ မျက်စောင်းနာနာထိုးပေးလိုက်သည်။ မကြည်မသာနှင့် အနားမှထွက်သွားသည့် အလတ်မကိုကြည့်၍ သနားလာပေမဲ့ နေ့ပြန်ဖိုးပင် မပြည့်ချင်သေးသည့် ငွေကို အလျှော့မခံနိုင်သေး၊ ရောင်းအားကို တွက်ကြည့်လည်း အားပြည့်စရာမဖြစ်။ သင်္ကြန်က လည်း ကျဦးမည်။ ဘာမဆိုင်ညာမဆိုင် နှစ်တိုင်းကျလေသည့် သင်္ကြန်ကိုအပြစ်တင်နေမိသည်။ သင်္ကြန်ပိတ်ရက်ရှည်ကြီးမှာ ဈေးလည်းမရောင်းရ။ အင်း ခက်ပ့ါ။ အိမ်က ယောက်ျားကို အားကိုးဖို့ ဆိုတာလည်း သမုဒ္ဒရာပဲ လက်ပစ်ကူးလိုက်ချင်သည်။ အားကိုးဖို့က မပြောချင်။ ရောင်းကုန်ကုန် မကုန်ကုန် အကြီးမနှင့်ထားခဲ့ပြီး မကျင်ဟုတ်...။ အတွေးမဆုံးခင် ဒေါ်မိုးကိုတွေ့၍ လက်က ပိုက် ဆံခွက်ထဲ အလိုလိုရောက်နှင့်ပြီးဖြစ်နေပြီ။

"ညည်း သင်္ကြန်ပိတ်ရက်တွေ ဘယ်လိုလုပ်မှာလဲ"

"အဲဒါပြောမလို့ အကြီးမိုးရဲ့ သင်္ကြန်ပိတ်ရက်က ရှည်တော့ ငွေလေးနည်းနည်းပါးပါး ထပ် ယူချင်သေးတယ်၊ ပိုက်ဆံကိုတော့..."

"အောင်မယ်လေးအေ...ယူထားတဲ့ငွေပဲ ကြေအောင်ဆပ်ပါဦး" စကားကို အဆုံးသတ်မ စောင့်ဘဲကြားဖြတ်ပြောပြီး ဘိန်းမုန့်သည်ထံ သွက်သွက်လှမ်းထွက်သွားသည့် ဒေါ်မိုးကိုကြည့်၍ သက်ပြင်းကိုထုနှင့်ထည်နှင့် ချပစ်လိုက်တော့သည်။

လမ်းတစ်ဖက်ခြမ်းမှ စတိုးဆိုင်ကြီးက ပိတောက်ခက် ငုခိုင်တုတို့ဖြင့် သိကြားမင်းကြီးကို မြူးကြွကြွ ကြိုဆိုနေချေပြီ။
အခွေငှားဆိုင်ရှေ့မှာကပ်ထားလေသည့် ရုပ်ပုံကားချပ်တို့မှာလည်း အဝါရောင်လွှမ်းကာ ဆိုင်လုံးပြည့် ရေတွေစိုနေကြပြီ။
ဆိုင်ရှေ့ဖြတ်လျှောက်သွားကြသည့် လူငယ်လူ ရွယ်အားလုံးသည်လည်း သင်္ကြန်ရေဖြင့် မြူးရန် တာစူနေကြလေပြီ။ သူသာ အငွေ့သေတော့မည့် ဟင်းရည်အိုးကြီးကို မွှေရင်း သိကြားမင်းကြီး မဆင်းရန် ပြောချင်နေသည်။
သို့သော်လည်း သိကြား မင်းကြီးက ရေကစားဖို့ မဏ္ဍပ်ထိုးပြီးချေ၏ ။

"မုန့်တီသည် ငြိမ်လှပါလား"

"အော်...အေး ကုန်လုပြီ အကြီးမ အလာကို စောင့်နေတာ" ဟု အကြော်သည်စကားကို ပြန်ဖြေရင်း အကြီးမကို မျှော်ရသည်။

"ဟော...ဟိုမှာလာပြီ၊ ဘိန်းမုန့်ရေသွားမယ်၊ လာ အကြီးမ ဆိုင်သိမ်းထားတော့" ပြောရင်း လုံချည်ပြင်ဝတ်ကာ ဈေးဆိုင်ခုံမှထွက်လိုက်သည်။

"ဟေး...ဘယ်လဲ သိတယ်နော်" တုတ်ထိုးသည်အသံနှင့် မရှေးမနှောင်းမှာ "ဘိန်းမုန့်ရေ လာမြန်မြန်" ဟု ခေါ်လေသည်။ ကြာဇံသုတ်သည် ဒေါ်ပုလည်း အသံနှင့်အပြိုင် လမ်းပေါ်ရောက် နေပြီ။

"ကိုဂျာနယ် ဒီနေ့ အသံမထွက်ပါလား၊ ပြောပါဦး ဟိုမင်းသမီး ယောကျ်ားနဲ့ ကွဲပြီး ကျွန် တော့်ယူမယ့်အကြောင်းလေးဘာလေး"

"အော်...ထွေးညိုရယ် မင်းမှာလည်း နေ့ပြန်နဲ့ ငါ့မှာလည်း ရက်ပြန်နဲ့ပါ ထွေးညိုရယ်၊ ဒါ တွေကို ယောက္ခမသိအောင် ပြောပြချင်ပါသေးတယ်"

တွံတေးသိန်းတန်ဟန်အသံဖြင့် ဆိုပြလေသော ဂျာနယ်ရောင်းသူအသံကြောင့် လမ်းသွား သူအချို့ပါ ပြုံးရယ်ကုန်ကြသည်။

“သူမပေးရင် ဘယ်သူရှိသေးလဲ”

“အို…အေ ပူစရာမဟုတ် ပေးနေချေးနေကြပဲ”

“အေးဟယ်၊ တို့မှာလည်း သူရှိနေလို့တော်သေး”

သုံးယောက်သား ပြောရင်းဆိုရင်းနှင့်ပင် အတွေးကိုယ်စီဖြင့်လျှောက်နေကြ၏ ။ ဘိန်းမုန့်နှင့် ဒေါ်ပုအတွေးတွေ အဘယ်သို့ရှိမည်မသိ။ သူ့မှာတော့ အိုင်ပျက်မှာလွန့်နေသည့်ငါးနှယ် ရှိနေပြီ။ တစ်နေကုန်ရောင်းသည့် ဈေးဖိုးက ညနေဈေးအသိမ်းတွင် ရော့အင့်…ရော့အင့်ဖြင့် ခွက်ခွံသာ ကျန်လေသည်။ သည်လိုနေ့ရက်တွေကြားမှာ သကြ်န်ပိတ်ရက်ရှည်ကြီးက လူကို ညှပ်ဆို့ထားသ လိုဖြစ်နေ၏ ။ တူးပို့သံကြားလျှင်ပဲ လူက နေမထိထိုင်မသာနှင့် ဖျားချင်ချင်လည်းဖြစ်လာသည်။ သည်ကြားထဲ ကျေးဇူးရှင်က ရေမျှောပြီး မူးနေတော့အခက်၊ ဘာတစ်ခုမှ အားကိုးရသည်မရှိ၊ က လေးတွေကလည်း ဆော့ချင်သွားချင်၊ ဦးပုသ်ကျောင်းလေး တစ်ရက်တစ်လေတောင် စိတ်ကူးမရ၊ ကြီးကောင်ကြီးမား ယောကျ်ားကပိုဆိုးနေသေး။ မပြောလိုက်ချင်ဘူး။ အင်း…ယောကျ်ားများ အား ကိုမကိုးရဘူး။ ဝဋ်ရှိသ၍ ပဲ မှားလို့ယူမိတယ် အဟုတ်၊ ရှေ့ကကောင်မလေးဝတ်ထားတဲ့အကျႌ အ ကြီးမနဲ့ဆိုလိုက်မှာ နည်းနည်းပါးပါး ကိုချေးလို့ရရင်တော့…အမေတို့ရွာ မရောက်ဖြစ်သည်မှာ အ သေးမလေးတစ်သက်ဆို ခြောက်နှစ်ပဲ…သွားဖို့က အဖေနေကောင်း၍ တော်သေး၏ ။ မီကြည်မြ လည်း ပြေလည်လားမသိ၊ သူ့ယောကျ်ားကလည်း ပျင်းမနား၊ အိမ်ကလူနှင့်ဘာထူး…။

“မကြည်သန်းရယ် ကျုပ်လေ ဘာအလုပ်မှ ကောင်းကောင်းမလုပ်နိုင်တော့ဘူးဗျ”

စကားတစ်ခွန်းနှင့်ပင် ပစ်ကျသွားသည်မှာ ပြန်ကောက်ဖို့ သတိပင်မရ၊ ရပြန်တော့ နယ်က ကျွံရုံမက နစ်ဝင်ပြီးနေပြီ။ ငယ်နုစဉ်ဆိုတော့ ကြံပင်တွေ့တိုင်း ဖြူလွလွချိုမြမြ သကြားပွင့်တွေပဲ ထင်ခဲ့သည်။

အကြိတ်အညှစ်အရည်စုတ်ခံထားရသော ဖွာလန်ကျဲကြဲဖတ်တွေကို မမြင်မတွေ့ခဲ့သည့်အရွယ်...။ အရွယ်ဆိုမှဈေးသိမ်းကျန်ခဲ့သော အကြီးမသမီးကို စိတ်ပူလာပြန်၏ ။ အဖေလုပ် သူက ဘာမျှစိတ်ချရသည်မဟုတ်။ ဇယ်ဝိုင်းမှာ ဆေးလိပ်တစ်တိုနှင့်တွေးပြီး ခြေလှမ်းကို ပိုသွက် သွက်လျှောက်လိုက်သည်။ အဖေလို မနားတမ်းပျင်းသည့် ပျင်းမနားယောက်ျားနှင့်တွေ့လို့က ငါ့သမီးလေးဒုက္ခ...။ "မြန်မြန်လျှောက်" အတွေးကိုဖြတ်၍ အနားမှဒေါ်ပုလက်ကိုဆွဲပြီး ပြောလိုက် သေးသည်။

"ဘိန်းမုန့် ရှေ့မှာ ချိုင့်ကြီး"

ဘိန်းမုန့်မှာလည်း မျက်လုံးမကောင်း၍ သာ၊ အဖေအရွယ်ယောက်ျားကြီးကို အိမ်ဦးခန်းတင် ပြီး လင်ပါကလေးတွေပါ လုပ်ကျွေးနေရသည်။ ငါကမှ ရွယ်တူယောက်ျား...အော် ငါ့နှယ်ကြံဖန် ဂုဏ်တပ်နေပြန်ပြီ။ ဒေါ်ပုလည်း ဘာထူး၊ ကျားကိုးစီးစားမကုန်သည့် သားတွေကို အိုကြီး အိုမဖြင့် ဈေးရောင်းကျွေးနေရ၏ ။ "အမေက ကျွန်တော်တို့ကို ဘာလုပ်ပေးလို့လဲ" ဟု မူးမူးပြီး ဆိုင်ရှေ့လာ ရမ်းတတ်သေးသည်။ အလတ်ကောင် ငါ့သားလေး ဒီလိုမဖြစ်ပါစေနှင့် ကြည့်ရသည်တော့ လိမ္မာစရှိ ပုံလေးပါ။ အဖေလို ဖြူနွဲ့နွဲ့...အမြင်ကတ်ပါသည်ဆိုမှ သည်ယောက်ျားက ကန့်လန့်ပါလာသေး စိတ်များခက်ပဲ့၊ သကြံန်ပိတ်ရက် အတွက် ရင်မအေးရအောင်စိတ်များနေရလည်း ယောက်ျားက တော့ ဆေးလိပ်တစ်တို ကွမ်းတစ်ငုံဖြင့် ဇယ်ဝိုင်းထိုင်ကောင်းဆဲ၊ အမြတ်ငွေနှစ်ထောင်လောက်နှင့် အိမ်စရိတ်ကြံဖန်တည်၊ နေ့ပြန်နေ့သွင်းတွေကလည်း ဖြတ်ရသည်မရှိ၊ မျက်လှည့်ဆရာပင် သူ့လောက်လက်လှည့်လှည့်တတ်မည်မဟုတ် သကြံန်ပိတ်ရက်ရှည်ကြီးနှင့် ဈေးပြန်ရင်းဖို့ ကျောင်းဖွင့် ...ခေါင်းတွေ ထူအုံလာပြန်သည်။

"မုန့်တီ ငြိမ်လှချေလား၊ ယောက်ျားချောကို ဘီယာဝယ်မတိုက်ရသေးလို့လား"

ဒေါ်ပုက ဘိန်းမုန့်နှင့်ပြောနေလျက်မှ သူ့ထံလှည့်၍ စကားစ၏ ။

"အလိုလေး စိတ်ပျက်ပါတယ်ဆိုမှ"

"ဘိန်းမုန့် ညည်း မိလှိုင်ကို ပုဆိုးဖိုးပေးပြီးပြီလား"

"အို လူကို ချာလပတ်ရမ်းနေတာ သိလျက်နဲ့ "

"အိမ်စပေါ်လား..."

"ခဲလုံးနော်"

ပြောလိုက်တွေးလိုက်ဖြင့် လျှောက်လာကြသည်မှာ မကျင်ဟုတ်တို့လမ်းထိပ်တွေရောက်ကြ လေပြီ။ သုံးယောက်သား ခြေလှမ်းတွေလည်း သွက်နေကြ၏ ။ စကားစများလည်း ပြတ်ကုန်ပြီ။

"မီးပျက်ရက်နေမှာပေ့ါ"

နှုတ်ကဘာစကားတွေပြောပြော စိတ်တစ်ခုလုံးက မကျင်ဟုတ်အိမ်ကိုရောက်နှင့်နေပြီ။ ပေး တော့ပေးရသည်။ သို့သော်လည်း မကျင်ဟုတ်လို ငွေချေးသူရှိနေလို့တော်သေး၏ ။ နို့မို့ဆိုမလွယ် လှ သကြံန်ရေမှာ အကျန်တွေ လိုက်ကောက်ဖို့သာရှိတော့သည်။ အသေးမငယ်ငယ်က တစ်နှစ် စျေးရောင်းဖူးပါသည်။ ယောက်ျားလေ မူးပြီး ဝယ်သူကိုခုံနှင့်ကောက်ထုလို့ သိုသိုကျစ်ကျစ်လုပ် ထားသည့် ချယ်နားကပ်လေးပြုတ်ရော။ လူလည်း...သူ့အကြောင်းတွေးကိုမတွေးချင်ဘူး။ ရှာဖို့ သာဖြုန်းဖို့မှာတော့ သူ့အပေါက်ရှာတတ်ပေ့ယောက်ျား...အခုလဲ။

"ရှေ့အိမ်မဟုတ်လား" မေးပြောပြောရင်း ဒေါ်ပုရှေ့မှသွား၍ ခြံတံခါးကိုခေါက်သည်။ သူတို့ နှစ်ဦးလည်း ဒေါ်ပုနောက်နား အသာရပ်၍ မီးရောင်ဖျော့တော့တော့နှင့် အိမ်ကြီးကို လှမ်းမျှော် ကြည့်ကြ၏ ။

"ဟိုမှာ ဟိုမှာ ထွက်လာပြီ" ကမ္ဘာဦးအစက လူတွေမီးကိုမြင်သလိုမျိုး

သံပြိုင်အော်လိုက်မိ သည်။ ရင်ဆို့အပူလုံးကြီးလည်း နည်းနည်းလျော့ပါးသွား၏ ။ သကြံန်ပိတ်ရက်တွေမှာ အသက် ဆက်ပေးမည့်ကယ်တင်ရှင်တစ်ပါးမို့ ခုချိန်တွင်သူတို့အတွက် မကျင်ဟုတ်သာ အလိုရှိသည်။ မကျင်ဟုတ်သာအရေးကြီးသည်။ မရှိမဖြစ်မတွေ့မဖြစ် မကျင်ဟုတ်ပင်။

မကျင်ဟုတ်အိမ်မှကောင်မလေး သော့ကိုင်ပြီးအိမ်ပေါ်မှ ဆင်းလာ၏ ။ ပြီး ခြံဝင်းတံခါးမဖွင့် သေးဘဲ သူတို့သုံးယောက်ကို သေသေချာချာကြည့်နေသေးသည်။ ပြီးမှ-

"အန်တီတို့ညွှန့်သည်တွေနော်" ဟုမေး၍ ခေါင်းနှင့်အသံ တစ်ထပ်တည်းဖြစ်အောင် ဟုတ် မှန်ကြောင်းဆိုပြီး ကောင်မလေးကိုကျော်၍ အိမ်ထဲကိုလှမ်းမျှော်ကြည့်နေစဉ်။

"အန်တီတို့တွေ မနက်ကပဲရွာမှာ အလှူသွားလုပ်တယ်။ နှစ်ဆန်း သုံးလေးရက်မှ ပြန်လာ မှာ" ဟုဆိုလိုက်၍

"ဟောတော်" လို့သာ သံပြိုင်ထွက်နိုင်ပြီး တစ်ဦးမျက်နှာ တစ်ယောက်ကြည့်ကာ တွေတွေ ကြီးရပ်နေမိကြ၏ ။

**လှဲ့ဝင်းကြည် (ချို)**

**၂၀၀၉၊ ဧပြီလ Beauty Magazine**

*** ***